လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## နှစ် (၆၀) ပြည့် ကရင့်တော်လှန်ရေးနေ့သို့ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာ

၂၀၀၉ ခုနှစ် ဇန်နဝါရီလ (၃၁) ရက်။

နှစ် (၆၀) ပြည့် ကရင့်တော်လှန်ရေးနေ့သို မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ လှိုက်လှဲဂုဏ်ယူစွာဖြင့် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

တိုင်းရင်းသားလူမျိုးအသီးသီး၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်သည် လူမျိုးတိုင်း၏မွေးရာပါအခွင့်အရေးဖြစ်သည်။ ၎င်း အခွင့်အရေးကို အပြည့်အဝ ရယူပိုင်ဆိုင်နိုင်ရေးအတွက် တင်ပြတောင်းဆိုမှုတိုင်းသည် တရားသည်။ ငြိမ်းချမ်းစွာ တင်ပြတောင်းဆိုနေသည့်ကို အာဏာရ အစိုးရက လက်နက်ဖြင့် အကြမ်းဖက်ဖိနှိပ်လာပါက လက်နက်ဖြင့် ခုခံဆန့်ကျင် တွန်းလှန်ကြရမည် ဆိုသည်မှာလည်း တရားမျှတပြီး မှန်ကန်သည်ဟု မိမိတို့ပါတီမှ အခိုင်အမာယုံကြည်ပါသည်။

ဤတရားကို ကိုင်စွဲပြီး ဖောက်ပြန်သော အစိုးရအဆက်ဆက်၏ ဖိနှိပ်ရမ်းကားဗိုလ်ကျမှုများအား မဆုတ်မနစ် ဇွဲနပဲကြီးစွာဖြင့် နှစ်ပေါင်း (၆၀)တိုင်တိုင် ကြံ့ကြံ့ခံ ခုခံဆန့်ကျင်ခဲ့ကြသည့် ကရင့်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) နှင့်တကွ တိုက်ပွဲဝင် ကရင်အမျိုးသားများအတွက် မိမိတို့ပါတီမှ အလေးအနက် ဂုဏ်ယူပါသည်။

ယနေ့ကာလသည် ကရင့်အမျိုးသားများအပါအဝင် လူမျိုးစုံမြန်မာပြည်သူများအပေါ် နအဖစစ်အုပ်စုမှ အပြင်းအထန်စိန်ခေါ်နေချိန် ဖြစ်ပါသည်။ စစ်အာဏာရှင်စနစ် ထာဝစဥ်တည်မြဲရေးအတွက် နအဖ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၂၀၀၈)ကို အသက်သွင်းနိုင်ရန် အပြင်းအထန် ကြိုးပမ်းနေသောကာလဖြစ်ပါသည်။ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရပါတီများနှင့် ၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်တို့ကို နင်းချေဖျက်သိမ်းပစ်ရန် ဘက်ပေါင်းစုံ ပြင်ဆင်နေသောကာလဖြစ်ပါသည်။ မိမိတို့အင်အားစုများအတွင်းရှိ ညီညွတ်ရေးကို ပုံသဏ္ဌာန်အမျိုးမျိုး ဖြင့် ဖြိုခွဲဖျက်ဆီးပစ်ရန် ကြံစည်အားထုတ်နေသောကာလ ဖြစ်ပါသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တို့သည် ဤအခြေအနေများ အပေါ် ပိုင်းခြားစိစစ်ပြီး (၁၄) ကြိမ်မြောက်ကွန်ဂရက်ကြီးတွင် စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေး၊ ဖက်ဒရယ်ပြည်ထောင်စုစစ်စစ် တည်ဆောက်ရေးဆိုင်ရာရည်မှန်းချက်များဖြင့် ပိုင်းဖြတ်ချက်ရှိရှိ ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု အခိုင်အမာ သန္နိဋ္ဌာန်ချခဲ့ကြသည်ကို မိမိတို့ ပါတီမှ အပြည့်အဝထောက်ခံပါသည်။

ဤတိုက်ပွဲစဥ်သည် ခက်လည်း ခက်ခဲပြီး၊ ကြမ်းလည်း ကြမ်းတမ်းနိုင်ပါသည်။ မည်သို့ပင် ခက်ခဲကြမ်းတမ်းစေကာမူ မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ကရင်အမျိုးသားအစည်းအရုံးနှင့်အတူ၊ အခြားသောမဟာမိတ်အင်အားစုများနှင့်အတူ ကျရာအခန်းမှ အတက်ကြွဆုံး လက်တွဲလှုပ်ရှားသွားမည်ဖြစ်ကြောင်း လေးနက်စွာကတိပြုရင်း ဤသဝဏ်လွှာကို ပေးပို့လိုက်ပါသည်။

**ကရင်အမျိုးသားအစည်းအရုံး အစွန့်ရှည်ပါစေ။**

**ဗဟိုကော်မတီ**
**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)**
**၂၀၀၉ ခုနှစ် ဇန်နဝါရီလ (၃၁) ရက်။**